# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# သတ္တမနေ့ အစီအစဉ်

# [ ၂၇-၁-၂၀၁၅ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **နိုင်ငံတော်အတွင်း လယ်ယာမြေ ဆုံးရှုံးမှုကိစ္စများနှင့် အခြေခံလူတန်းစားများအတွက် အရစ်ကျပေးချေသည့် တိုက်ခန်းကိစ္စများ မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **ပျူမြို့ဟောင်း(၃)မြို့သည် ပုဂံခေတ်အား မြန်မာမှု လက်ရာမြောက်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားမှုများ ကျန်ရစ်အောင် မျိုးစေ့ချပေးခဲ့ခြင်း ဆိုသည့် အကြောင်းအရာ ကိစ္စရပ်များကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်က **"ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခွင့် ရရှိသည့် လုပ်ငန်းများ အသီးသီးသည် ခွင့်ပြု ဘဏ္ဍာငွေနှင့် အညီ သတ်မှတ်စံချိန် စံညွှန်းများနှင့် ကိုက်ညီပြီး လုပ်ငန်း အရည်အသွေး ပြည့်မီတိုးတက်လာစေရေးအတွက် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် လုပ်ငန်းမူဘောင်များ ချမှတ်ကျင့်သုံး ဖော်ဆောင်သွားရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်က **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဓနအင်အား ဖွံ့ဖြိုးရေးတွင် အရေးပါလှသော နိုင်ငံခြား အဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် ပူးတွဲ၍ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန စသည် တို့တွင် ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှုနှင့် လုပ်ငန်းဆောင်ရွက်မှု လုပ်ဆောင်ရန် ထုတ်လုပ်မှုခွဲဝေရေး စာချုပ်စာတမ်းများ (Product Sharing Contract) ချုပ်ဆိုခြင်းနှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာများ ပေါ်ပေါက်သည့် ကိစ္စရပ်များအတွက် နိုင်ငံတော်အဆင့် ကြီးကြပ်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ဥပဒေ ဘာသာပြန်ကော်မရှင် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။